ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့

# ၂၀၁၈ ခုနှစ် အောက်တိုဘာလအတွက်
# မြန်မာနိုင်ငံ၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း
# အခြေအနေ

Monthly

# INFLATION REPORT

Nov, 2018

အကြောင်းအရာ။ **၂၀၁၈ ခုနှစ် အောက်တိုဘာလအတွက် တစ်နိုင်ငံလုံး၏ ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေကိုအစီရင်ခံတင်ပြခြင်း**

၁။ **စားသုံးသူဈေးဆနှုန်း၏ လအလိုက်ပြောင်းလဲမှုအခြေအနေမှာ** ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် တွက်ချက်ထားသော **၂၀၁၈ ခုနှစ် အောက်တိုဘာလ**အတွက် တစ်နိုင်ငံလုံး၏ အစားအစာအုပ်စုစားသုံးသူဈေးဆနှုန်းမှာ **၁၆၀.၆၀** ဖြစ်ပြီး၊ အစားအစာမဟုတ်သောအုပ်စုအတွက် စားသုံးသူဈေးဆနှုန်းမှာ **၁၂၉.၅၅** ရှိပါသည်။ **၂၀၁၈ ခုနှစ် အောက်တိုဘာလ**၏ **အုပ်စုအားလုံးအတွက်** စားသုံးသူဈေးဆနှုန်းမှာ **၁၄၇.၇၀** ဖြစ်ပြီး **ယခင်လ၏** စားသုံးသူဈေးဆနှုန်း **၁၄၅.၉၇** နှင့် နှိုင်းယှဉ်ပါက **၁.၁၈%** မြင့်တက်လာပါသည်။ Core Inflation တွက်ချက်ရန် ဈေးနှုန်း တည်ငြိမ်မှုမရှိသည့် အစားအစာအုပ်စုနှင့် လောင်စာဆီ ဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **၂၀၁၈ ခုနှစ် အောက်တိုဘာလ၏ စားသုံးသူဈေးဆနှုန်း**(Core CPI) **မှာ ၁၂၃.၄၀** ဖြစ်ရာ **ယခင်လ၏** Core CPI ဖြစ်သည့် **၁၂၂.၄၈** နှင့် နှိုင်းယှဉ်ပါက **၀.၇၅%** မြင့်တက်လာပါသည်။

၂။ **စားသုံးသူဈေးဆနှုန်း၏ နှစ်အလိုက်ပြောင်းလဲမှုအခြေအနေကို လေ့လာပါက ၂၀၁၈ ခုနှစ် အောက်တိုဘာလ**၏ စားသုံးသူဈေးဆနှုန်းမှာ **၁၄၇.၇၀** ဖြစ်သဖြင့် **ယခင်နှစ် အလားတူလ၏** အခြေအနေ **၁၃၅.၇၀** နှင့် နှိုင်းယှဉ်ပါက **၈.၈၅ %** မြင့်တက်လာပါသည်။ အလားတူ **၂၀၁၈ ခုနှစ် အောက်တိုဘာလ ၏** Core CPI **မှာ ၁၂၃.၄၀ ဖြစ်ရာ ယခင်နှစ် အလားတူလ၏** Core CPI အခြေအနေ **၁၁၅.၇၇** နှင့် နှိုင်းယှဉ်ပါက **၆.၅၉ %** မြင့်တက်ခဲ့ပါသည်။

၃။ **၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် အစားအစာအုပ်စု**(Food) ၏ ဈေးဆနှုန်းမှာ **၁၆၀.၆၀** ဖြစ်သဖြင့် ယခင်လနှင့်နှိုင်းယှဉ်ပါက **၁.၂၀%** မြင့်တက်လာပါသည်။ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်(ဧည့်မထ)၊ ဆန်(ငစိန်)နှင့် ဆန်(ငကြွဲ) ဈေးနှုန်းများမှာ ဆက်လက် မြင့်တက်လာပါသည်။ အလားတူ မြေပဲဆီ၊ နှမ်းဆီ၊ ဟင်းရွက်ဆီ၊ စားအုန်းဆီ၊ အသား၊ငါးအုပ်စုရှိ ဝက်သား၊ ဆိတ်သား၊ အမဲသားဈေးနှုန်းများ၊ ငါးခြောက်ဈေးနှုန်းများ၊ ငရုတ်သီးခြောက် (အပု/အရှည်)၊ ပဲအမျိုးမျိုး၊ အသီးအနှံနှင့် ဟင်းသီးဟင်းရွက်ဈေးနှုန်းများလည်း မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ သို့သော် ငါးမဖမ်းရ ရာသီကုန်ဆုံး၍ ငါးဖမ်းခွင့်ပြန်လည် ခွင့်ပြုထားသောကြောင့် ငါးဈေးနှုန်းများ ပြန်လည်ကျဆင်းလာပါသည်။ ထို့အပြင် ဘဲအတောင်ပံချပြီးချိန်ဖြစ်၍ ဥထွက်နှုန်းကောင်းလာသဖြင့် ကြက်ဥ၊ဘဲဥ ဈေးနှုန်းများလည်း ကျဆင်းလာကြောင်းတွေ့ရှိရပါသည်။

၄။ **၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် အစားအစာမဟုတ်သောအုပ်စု** (Non Food) ၏ ဈေးဆနှုန်းမှာ **၁၂၉.၅၅** ဖြစ်သဖြင့် ယခင်လနှင့် နှိုင်းယှဉ်ပါက **၁.၁၅%** မြင့်တက်နေသည်ကို

တွေ့ရှိရပါသည်။ ယင်းအုပ်စုအတွင်းရှိ ဆေးပေါ့လိပ်ဈေးနှုန်းမှာ အနည်းငယ်မြင့်တက်လာပါသည်။ အလားတူ ရွှေထည်ပစ္စည်းများ၊ အမျိုးသမီး/ အမျိုးသားဝတ် လုံချည်များ၊ ရှပ်အင်္ကျီ၊ တီရှပ်၊ စပို့ရှပ်၊ စက်ချုပ်ခ(အမျိုးသား/အမျိုးသမီး)၊ ဖိနပ်(သားရေ)၊ ရာဘာဖိနပ်၊ အိမ်ဆောက်ပစ္စည်းနှင့် အိမ်အသုံးအဆောင်စသည့် ကုန်ပစ္စည်းဈေးနှုန်းများမှာ ယခင်လကထက် မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် သယ်ယူပို့ဆောင်ရေးအုပ်စုတွင် ပါဝင်သော ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဘတ်စ်ကားခ(မြို့တွင်း)၊ အငှားယာဉ်ခ(မြို့တွင်း)၊ ကားခ(ခရီးဝေး)၊ မော်တော်ကားဈေးနှုန်းများနှင့် မော်တော်ဆိုင်ကယ်ဈေးနှုန်းများ မြင့်တက်လျက်ရှိပါသည်။

၅။ ယခု အောက်တိုဘာလအတွင်း မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာလဲလှယ်နှုန်းများမှာယခင်လနှင့်နှိုင်းယှဉ်ပါကအနည်းငယ်ဆက်လက်မြင့်တက်လျက်ရှိပါသည်။ ငွေလဲနှုန်းများ မြင့်နေသည့်အတွက် သွင်းကုန်ပစ္စည်းများဖြစ်သော ဓာတ်ဆီ၊ ဒီဇယ်ဆီဈေးနှုန်းများလည်း မြင့်တက်လျက်ရှိပြီး ကုန်စည်ပို့ဆောင်မှုစရိတ် ကြီးမားလာကာ အထွေထွေကုန်ပစ္စည်းဈေးနှုန်းများ မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။


၆။ ဤကာလသည် သီတင်းကျွတ်ရာသီဖြစ်၍ ကထိန်အလှူများပြုလုပ်ခြင်း၊ မင်္ဂလာဆောင်များပြုလုပ်ခြင်း၊ လူကြီးမိဘများအားကန်တော့ခြင်း စသည်တို့ကြောင့် ကုန်ပစ္စည်း ဝယ်လိုအားများပြားနေသဖြင့် ကုန်ပစ္စည်းဈေးနှုန်းများမြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။


၇။ **၂၀၁၈ ခုနှစ် အောက်တိုဘာလအထိ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း(Annual Rate of Inflation) မှာ ၆.၃၄%** ဖြစ်ပြီး၊ အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (Core Inflation) မှာ ၄.၉၆%** ရှိပါသည်။ **နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း(Year on Year Inflation)** မှာ ၈.၈၅ % ဖြစ်ပြီး **နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း (Core Inflation)** မှာ ၆.၅၉ % ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။


(ဒေါက်တာဝါဝါမောင်)


ညွှန်ကြားရေးမှူးချုပ်

တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း ပုံပြကားချပ်



## တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြချက်

## (၂၀၁၈ ခုနှစ် အောက်တိုဘာလ)


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **အပိုင်း(က)** | |
| **၂၀၁၈ ခုနှစ် စက်တင်ဘာလနှင့် ၂၀၁၈ ခုနှစ် အောက်တိုဘာလ စားသုံးသူဈေးဆန်းနှိုင်းယှဉ်ချက်** | |
| စုစုပေါင်းစားသုံးသူဈေးဆန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁ |
| အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၁ |
| **အပိုင်း(ခ)** | |
| **၂၀၁၇ ခုနှစ် အောက်တိုဘာလ နှင့် ၂၀၁၈ ခုနှစ် အောက်တိုဘာလ စားသုံးသူဈေးဆန်းနှိုင်းယှဉ်ချက်** | |
| စုစုပေါင်းစားသုံးသူဈေးဆန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၅ |
| အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၅ |
| **အပိုင်း(ဂ)** | |
| **စားသုံးသူဈေးဆန်းနှင့်ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း** | |
| ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆန်းအခြေအနေတင်ပြခြင်း | ၉ |
| ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း | ၉ |
| သုံးသပ်တင်ပြချက် | ၁၁ |
| တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၁) | ၁၄ |
| တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၂) | ၁၅ |
| အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၃) | ၁၆ |
| တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၄) | ၁၇ |
| တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၅) | ၁၈ |

## တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းစိစစ်ချက်

## အပိုင်း(က)

**၂၀၁၈ ခုနှစ် စက်တင်ဘာလ နှင့် ၂၀၁၈ ခုနှစ် အောက်တိုဘာလ စားသုံးသူဈေးဆနှုန်း နှိုင်းယှဉ်ချက်**

**စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)**

၁။ ၂၀၁၈ ခုနှစ် အောက်တိုဘာလအတွက် စားသုံးသူဈေးဆနှုန်းမှာ ၁၄၇.၇၀ ဖြစ်ရာ ယခင်လ အခြေအနေ ၁၄၅.၉၇ နှင့် နှိုင်းယှဉ်ပါက ၁.၁၈% မြင့်တက်လာပါသည်။ ထိုအုပ်စုများ အနက် ဆက်သွယ်ရေးအုပ်စုမှလွဲ၍ ကျန်အုပ်စုအားလုံးမှာမြင့်တက်လျက်ရှိပါသည်။ အစားအစာအုပ်စု၊ ဆေးလိပ်နှင့် အဖျော်ယမကာအုပ်စု၊ အိမ်အသုံးအဆောင်ပစ္စည်း နှင့် ပြုပြင်ထိန်းသိမ်းစရိတ် အုပ်စု၊ သယ်ယူပို့ဆောင်ရေးအုပ်စု နှင့် အစားအစာမဟုတ်သောအုပ်စုတို့မှာ သိသိသာသာ မြင့်တက်လျက်ရှိပါသည်။

**အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း**

၂။ ၂၀၁၈ ခုနှစ် အောက်တိုဘာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံးအတွက် စားသုံးသူ ဈေးဆနှုန်းများကို ဇယား(၁)ဖြင့် အုပ်စုအလိုက်ဖော်ပြထားပြီး အောက်ပါအတိုင်း သုံးသပ်တင်ပြ အပ်ပါသည်။

(က) **အစားအစာအုပ်စု၏** ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၌ ၁၆၀.၆၀ ရှိ၍ ယခင်လ နှင့် နှိုင်းယှဉ်ပါက ၁.၂၀% မြင့်တက်လာပါသည်။ ယခုလတွင် ဆန် (ဧည့်မထ) ၁.၂၃%၊ မြေပဲဆီ ၂.၀၈%၊ နှမ်းဆီ ၀.၄၁%၊ စားအုန်းဆီ ၀.၅၈%၊ အမဲသား ၂.၄၅%နှင့် ပုစွန်ခြောက် ၀.၉၄% ဖြင့် ဈေးနှုန်းများ အသီးသီး မြင့်တက် လာကြောင်း တွေ့ရှိရပါသည်။ မီးဖိုချောင်သုံးပစ္စည်းများတွင် ကြက်သွန်နီ ၄.၀၂% နှင့် ငရုတ်သီးခြောက် ဈေးနှုန်းများလည်း မြင့်တက်လာပါသည်။ ထို့အပြင် သစ်သီးများဖြစ်သော ငှက်ပျောသီး၊ သင်္ဘောသီး၊ သရက်သီး၊ လိမ္မော်သီး၊ ပန်းသီး၊ နာနတ်သီးဈေးနှုန်းများနှင့် ဟင်းသီးဟင်းရွက်များဖြစ်သော ဘူးသီး၊ ခရမ်းသီး၊ သခွားသီး၊ ပဲတောင့်ရှည်သီး၊ သံပုရာသီးနှင့် ရှောက်သီး ဈေးနှုန်းများ မြင့်တက် လာရာတွင် ခရမ်းချဉ်သီးဈေးနှုန်းမှာ ၁၀.၉၈% ဖြင့် သိသိသာသာ မြင့်တက်လာ

ကြောင်း တွေ့ရှိရပါသည်။ အလားတူ ပဲကြီး၊ စားတော်ပဲ၊ ပဲနီလေး၊ ထောပတ်ပဲနှင့် ပဲကြား ဈေးနှုန်းများလည်း မြင့်တက်လာပါသည်။

(ခ) **ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် အောက်တိုဘာလ၌ ၁၄၁.၀၃ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၁.၃၀% မြင့်တက်လာပါသည်။ ဤအုပ်စုအတွင်း၌ ပါဝင်သော ကုန်ပစ္စည်းများဖြစ်သည့် အရက်(ပြည်တွင်း)၊ ဘီယာ (ပြည်တွင်း/ပြည်ပ)၊ ကွမ်းရွက်၊ ကွမ်းသီး(အလုံး)၊ စီးကရက်(ပြည်တွင်း) နှင့် ဆေးပေါ့လိပ်ဈေးနှုန်းများ မြင့်တက်လာသောကြောင့်ဖြစ်ပါသည်။

(ဂ) **အဝတ်အထည်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် အောက်တိုဘာလ၌ ၁၂၂.၄၇ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၆၃% မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ဤအုပ်စုတွင် ပါဝင်သော အမျိုးသမီးဝတ်လုံချည်(ပြည်တွင်း/ပြည်ပ)၊ ရှပ်အင်္ကျီ၊ တီရှပ်၊ စပို့ရှပ်၊ အမျိုးသားဝတ်လုံချည်၊ ဘောင်းဘီအရှည်၊ စွယ်တာအင်္ကျီ၊ အမျိုးသမီးဝတ်အင်္ကျီ၊ စက်ချုပ်ခ(အမျိုးသား) နှင့် သားရေဖိနပ်ဈေးနှုန်းများ ဆက်လက်မြင့်တက်လာကြောင်း တွေ့ရပါသည်။

(ဃ) **အိမ်လခနှင့်အိမ်ပြင်ခအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် အောက်တိုဘာလ၌ ၁၅၁.၃၈ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၆၇% မြင့်တက်လာပါသည်။ ဤအုပ်စုတွင် ပါဝင်သော အိမ်လခ၊ ဝါး၊ ကျွန်းသစ်၊ သစ်မာ၊ သွပ်၊ အလုပ်သမားခ၊ ထင်း၊ မီးသွေး နှင့် လောင်စာဆီဈေးနှုန်းများမှာ ယခင်လကထက် အနည်းငယ် မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

(င) **အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် အောက်တိုဘာလ၌ ၁၂၂.၇၅ ရှိ၍ ယခင်လနှင့် နှိုင်းယှဉ်ပါက ၁.၄၂% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော အိမ်အသုံးအဆောင်ပစ္စည်းများ ဖြစ်သည့် ကုတင်၊ ဗီရို၊ ဖျာ(သင်ဖျူး)၊ ခြင်ထောင်၊ စောင်၊ ရေခဲသေတ္တာ၊ ဒန်သတ္တု၊ ရေစုပ်စက်၊ ဓာတ်ခဲ၊ မီးချောင်း၊ အဝတ်လျှော်ဆပ်ပြာ၊ ဆပ်ပြာမှုန့် နှင့် ဖယောင်းတိုင်ဈေးနှုန်းများ သိသာထင်ရှားစွာ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

(စ) **ကျန်းမာရေးအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် အောက်တိုဘာလ၌ ၁၄၄.၅၃ ရှိ၍ ယခင်လနှင့် နှိုင်းယှဉ်ပါက ၀.၅၇% မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။ ရာသီအကူးအပြောင်းကာလဖြစ်သောကြောင့် ဖျားနာသူများလာသဖြင့် ဆေးဈေးနှုန်းများနှင့် ဆေးကုသခ ဈေးနှုန်းများ ဆက်လက်မြင့်တက်လျက်ရှိပါသည်။

(ဆ) **သယ်ယူပို့ဆောင်ရေးအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် အောက်တိုဘာလ၌ ၁၁၈.၇၈ ရှိ၍ ယခင်လအခြေအနေ ၁၁၅.၁၉ နှင့် နှိုင်းယှဉ်ပါက ၃.၁၁% ဖြင့် သိသိသာသာ မြင့်တက်လျက်ရှိပါသည်။ ယင်းအုပ်စု ဈေးဆနှုန်းတွင် ပါဝင်သော ဓာတ်ဆီတစ်ဂါလံလျှင် ၄၇၆၄.၁၁ ကျပ် မှ ၅၀၁၀.၁၅ ကျပ်သို့ လည်းကောင်း၊ ဒီဇယ်ဆီ တစ်ဂါလံလျှင် ၄၈၆၈.၅၂ ကျပ် မှ ၅၁၀၁.၂၄ ကျပ်သို့ လည်းကောင်း ဈေးနှုန်းများ အသီးသီး မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။ အလားတူ မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ ကားခ(မြို့တွင်း)၊ အငှားယာဉ်ခ(မြို့တွင်း)၊ ကားခ(ခရီးဝေး)၊ ဆိုက်ကားခနှင့် သင်္ဘောခ(မြို့တွင်း) ဈေးနှုန်းများလည်း မြင့်တက်လာခဲ့ပါသည်။

(ဇ) **ဆက်သွယ်ရေးအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် အောက်တိုဘာလ၌ ၁၀၂.၀၈ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ရာခိုင်နှုန်းအနည်းငယ် ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။ ဤအုပ်စုအတွင်း၌ ပါဝင်သော တယ်လီဖုန်းနှင့် မိုဘိုင်းဖုန်းများမှာ ဈေးကွက်အတွင်း ကုန်ပစ္စည်းအသစ်များ ထွက်ရှိမှုများလာသဖြင့် Model အဟောင်း ဈေးနှုန်းများကျဆင်းလာခဲ့၍ဖြစ်ပါသည်။

(ဈ) **အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် အောက်တိုဘာလ၌ ၁၀၉.၁၄ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ရာခိုင်နှုန်းအနည်းငယ်သာ မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ဂျာနယ်၊ ဗလာစာအုပ်နှင့် စာရေးစက္ကူ ဈေးနှုန်းများမှာ ယခင်လကထက် အနည်းငယ်မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

(ည) **ပညာရေးအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် အောက်တိုဘာလ၌ ၁၃၃.၁၅ ရှိ၍ ယခင်လနှင့် နှိုင်းယှဉ်ပါက ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်နေပါသည်။ ဤအုပ်စု အတွင်းရှိ ကုန်ပစ္စည်းဈေးနှုန်းများအပြောင်းအလဲမရှိခဲ့ပါ။

(ဋ) **ပြင်ပအစားအသောက်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် အောက်တိုဘာလ၌ ၁၂၃.၆၂ ရှိ၍ ယခင်လနှင့် နှိုင်းယှဉ်ပါက ၀.၂၉% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စု အတွင်း ပါဝင်သော ပြင်ပအစားအသောက်များ ဖြစ်သည့် အသုပ်စုံ၊ ထမင်းကြော်/ ကြာဇံကြော်၊ ထမင်းနှင့်ဟင်း၊ လက်ဖက်ရည်/ ကော်ဖီ၊ လက်ဖက်အစို နှင့် နှစ်ပြန်ကြော်ဈေးနှုန်းများ ဆက်လက် မြင့်တက်လာခဲ့ကြောင်းတွေ့ရှိရပါသည်။ အခြေခံစားသောက်ကုန်ဈေးနှုန်းများ မြင့်တက်နေ၍ ဆက်စပ်ကုန်ပစ္စည်းဈေးနှုန်း များ မြင့်တက်ရခြင်းဖြစ်ပါသည်။

(ဌ) **အထွေထွေကုန်ပစ္စည်းအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် အောက်တိုဘာလ၌ ၁၃၃.၃၀ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၈၀% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စု တွင် ပါဝင်သော ဆံပင်ညှပ်ခ (အမျိုးသား/အမျိုးသမီး)၊ သနပ်ခါး၊ မိတ်ကပ်၊ ကိုယ်တိုက်ဆပ်ပြာ၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ ခေါင်းလျှော်ရည်၊ ခေါင်းလိမ်း ဆီ၊ ရွှေ၊ လက်ဝတ်ရတနာ နှင့် ထီးဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ် ပါသည်။

(ဍ) **အစားအစာမဟုတ်သောအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် အောက်တိုဘာလ၌ ၁၂၉.၅၅ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၁.၁၅% မြင့်တက်လာသည်ကို တွေ့ရှိရ ပါသည်။

၃။ ၂၀၁၈ခုနှစ် အောက်တိုဘာလအတွင်း အုပ်စုအလိုက် ဈေးနှုန်းပြောင်းလဲမှု ရာခိုင်နှုန်း များကို ဇယား(၁)ဖြင့် ဖော်ပြထားပါသည်။

## အပိုင်း(ခ)

**၂၀၁၇ ခုနှစ် အောက်တိုဘာလ နှင့် ၂၀၁၈ ခုနှစ် အောက်တိုဘာလ စားသုံးသူဈေးဆနှုန်းနှိုင်းယှဉ်ချက်**

**စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)**

၁။ ၂၀၁၈ ခုနှစ် အောက်တိုဘာလအတွက် စားသုံးသူဈေးဆနှုန်းမှာ ၁၄၇.၇၀ ဖြစ်ရာ ယခင်နှစ် အလားတူလ၏ စားသုံးသူဈေးဆနှုန်း ၁၃၅.၇၀ နှင့် နှိုင်းယှဉ်ပါက ၈.၈၅% မြင့်တက်လာပါသည်။ အုပ်စုအားလုံးတွင် ပါဝင်သောကုန်ပစ္စည်း ဈေးနှုန်းများမှာ ယခင်နှစ် အလားတူကာလ နှင့် နှိုင်းယှဉ်ပါက သိသိသာသာ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

**အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း**

၂။ ၂၀၁၈ ခုနှစ် အောက်တိုဘာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံးအတွက် စားသုံးသူဈေးဆနှုန်းများကို အုပ်စုအလိုက် အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်။

(က) **အစားအစာအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ် အောက်တိုဘာလ၌ ၁၆၀.၆၀ ရှိ၍ ၂၀၁၇ ခုနှစ် အောက်တိုဘာလ အခြေအနေ ၁၄၈.၁၁ နှင့် နှိုင်းယှဉ်ပါက ၈.၄၃% မြင့်တက်နေပါသည်။ ဆန်(ဧည့်မထ)ဈေးနှုန်းမှာ ယခင်နှစ် အလားတူကာလက ထက် ၁၁.၉၃% မြင့်တက်လာပါသည်။ အလားတူ မြေပဲဆီ ၁၅.၃၅%၊ နှမ်းဆီ ၉.၈၂%၊ ကြက်သား ၄.၈၅%၊ ဝက်သား ၇.၇၁%၊ အမဲသား ၁၀.၀၈%၊ ဘဲဥ ၆.၀၉%၊ ကြက်ဥ ၁၅.၃၆%၊ ငါးခူ ၆.၆၉%၊ ငါးရံ့ ၅.၁၄%၊ ပုစွန်ခြောက် ၁၂.၃၅%၊ ငါးရံ့ခြောက် ၇.၈၃% နှင့် ရေကျိုငါးပိ ၄.၄၈% ဖြင့် ဈေးနှုန်းများ အသီးသီး မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ခရမ်းချဉ်သီး ဈေးနှုန်းမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၂၉.၀၈% ဖြင့် သိသိသာသာ ကျဆင်းလျက်ရှိပါသည်။ မီးဖိုချောင်သုံးပစ္စည်းများတွင် ကြက်သွန်ဖြူ ၄၈.၇၈%၊ ကုလားပဲခြမ်း ၂၂.၈၄%၊ ကြက်သွန်နီ ၄၂.၉၆% ဖြင့် သိသာထင်ရှားစွာ ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

(ခ) **ဆေးလိပ်နှင့် အဖျော်ယမကာအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ် အောက်တိုဘာလ၌ ၁၄၁.၀၃ ရှိ၍ ၂၀၁၇ ခုနှစ် အောက်တိုဘာလနှင့် နှိုင်းယှဉ်ပါက ၆.၃၇% မြင့်တက်နေပါသည်။ ဤအုပ်စုတွင် ပါဝင်သော အရက် နှင့် ဘီယာ (ပြည်တွင်း/

ပြည်ပ)၊ ဆေးပေါ့လိပ်၊ စီးကရက်(ပြည်တွင်း/ပြည်ပ) နှင့် ကွမ်းရွက်ဈေးနှုန်းများမှာ ယခင်နှစ်ကထက် သိသိသာသာ မြင့်တက်လာခဲ့သော်လည်း ကွမ်းသီးခြမ်း နှင့် ကွမ်းသီးလုံး ဈေးနှုန်းများမှာ ကျဆင်းလာခဲ့ပါသည်။

(ဂ) **အဝတ်အထည်အုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ် အောက်တိုဘာလ၌ ၁၂၂.၄၇ ရှိပြီး၊ ၂၀၁၇ ခုနှစ် အောက်တိုဘာလ နှင့် နှိုင်းယှဉ်ပါက ၄.၀၂% မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ဤအုပ်စုတွင် ပါဝင်သော အမျိုးသမီး/ အမျိုးသား ဝတ်လုံချည်၊ ဂျာကင်၊ တီရှပ်၊ စပို့ရှပ်၊ သားရေ ဖိနပ်၊ မိုးကာနှင့် စက်ချုပ်ခ (အမျိုးသား/အမျိုးသမီး) ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်ခဲ့ပါသည်။

(ဃ) **အိမ်လခနှင့်အိမ်ပြင်ခအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ် အောက်တိုဘာလ၌ ၁၅၁.၃၈ ရှိပြီး၊ ၂၀၁၇ ခုနှစ် အောက်တိုဘာလနှင့် နှိုင်းယှဉ်ပါက ၉.၃၇% မြင့်တက်လာပါသည်။ ဤအုပ်စုတွင် ပါဝင်သော အိမ်ငှားခ၊ အိမ်ဆောက်ပစ္စည်းများ၊ မီးသွေး ဈေးနှုန်းများ၊ အိမ်ပြင်ခ၊ ဂက်(စ်) ဓာတ်ငွေ့ နှင့် ရေဖိုး ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

(င) **အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ် အောက်တိုဘာလ၌ ၁၂၂.၇၅ ရှိပြီး၊ ၂၀၁၇ ခုနှစ် အောက်တိုဘာလနှင့် နှိုင်းယှဉ်ပါက ၅.၉၄% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော အိမ်အသုံးအဆောင်ပစ္စည်းများနှင့် အိမ်ပြုပြင်ထိန်းသိမ်းစရိတ်တို့မှာ ယခင်နှစ်ကထက် သိသိသာသာ မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။

(စ) **ကျန်းမာရေးအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ် အောက်တိုဘာလ၌ ၁၄၄.၅၃ ရှိပြီး၊ ၂၀၁၇ ခုနှစ် အောက်တိုဘာလ နှင့် နှိုင်းယှဉ်ပါက ၆.၅၄% မြင့်တက်လျက်ရှိပါသည်။ ရိုးရိုးဆေးကုသခ၊ အထူးဆေးကုသခ၊ အထွေထွေဆေးကုသခ၊ ဆေးရုံ၌ဆေးကုသခ၊ အားဆေး၊ အကိုက်အခဲပျောက်ဆေး နှင့် တိုင်းရင်းဆေးဈေးနှုန်းများ ယခင်နှစ်ကထက် မြင့်တက်နေကြောင်း တွေ့ရှိရပါသည်။

(ဆ) **သယ်ယူပို့ဆောင်ရေးအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ် အောက်တိုဘာလ၌ ၁၁၈.၇၈ ရှိပြီး၊ ၂၀၁၇ ခုနှစ် အောက်တိုဘာလ နှင့် နှိုင်းယှဉ်ပါက ၁၈.၆၇% ဖြင့် သိသိသာသာ ဆက်လက်မြင့်တက်လာပါသည်။ ယင်းအုပ်စု ဈေးဆနှုန်းတွင် ပါဝင်သော ဒီဇယ်ဆီ ဈေးနှုန်းမှာ တစ်ဂါလံလျှင် ၃၄၄၈.၀၇ ကျပ်ရှိရာမှ ယခုနှစ်တွင် ၅၁၀၁.၂၄ ကျပ်သို့ မြင့်တက်လာပါသည်။ အလားတူ ဓာတ်ဆီဈေးနှုန်းမှာလည်း တစ်ဂါလံလျှင် ၃၆၁၄.၆၄ ကျပ်ရှိရာ မှ ၅၀၁၀.၁၅ ကျပ်သို့ သိသိသာသာ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။ ထို့ပြင် မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ စက်ဘီး၊ ဘတ်(စ်)ကားခ(ခရီးဝေး) (ပြည်တွင်း)၊ အငှားယာဉ်ခ၊ ဆိုက်ကားခနှင့် မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းစရိတ် ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက် လာခဲ့၍ ဖြစ်ပါသည်။

(ဇ) **ဆက်သွယ်ရေးအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ် အောက်တိုဘာလ၌ ၁၀၂.၀၈ ရှိပြီး၊ ၂၀၁၇ ခုနှစ် အောက်တိုဘာလ နှင့်နှိုင်းယှဉ်ပါက ၀.၆၈% ကျဆင်းလာပါသည်။ ဤအုပ်စုတွင် ပါဝင်သော မိုဘိုင်းလ်ဖုန်းဈေးနှုန်းများမှာ Model အသစ်များ ဝင်ရောက်မှုများလာပြီး Model အဟောင်း ဝယ်ယူသူနည်းပါးလာသောကြောင့် ဈေးနှုန်းများမှာ ယခင်နှစ်ကထက် ကျဆင်းလာကြောင်းတွေ့ရှိရပါသည်။

(ဈ) **အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ် အောက်တိုဘာလ၌ ၁၀၉.၁၄ ရှိပြီး၊ ၂၀၁၇ ခုနှစ် အောက်တိုဘာလ နှင့် နှိုင်းယှဉ်ပါက ၂.၈၃% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော တယ်လီဗေးရှင်း၊ ကွန်ပျူတာ၊ စီဒီတိပ်ခွေ၊ သတင်းစာ၊ ဂျာနယ်၊ ဗလာစာအုပ်နှင့် ကွန်ပါဗူးဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသည့် အတွက် ဖြစ်ပါသည်။

(ည) **ပညာရေးအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ် အောက်တိုဘာလ၌ ၁၃၃.၁၅ ရှိပြီး၊ ၂၀၁၇ ခုနှစ် အောက်တိုဘာလနှင့် နှိုင်းယှဉ်ပါက ၈.၆၇% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ကျူရှင်လခနှင့် သင်တန်းကြေးဈေးနှုန်းများမှာ ယခင်နှစ်ကထက် သိသိသာသာ မြင့်တက်လျက်ရှိပါသည်။

(ဋ) **ပြင်ပအစားအသောက်အုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၌ ၁၂၃.၉၂ ရှိပြီး၊ ၂၀၁၇ ခုနှစ် အောက်တိုဘာလ နှင့် နှိုင်းယှဉ်ပါက ၈.၇၀% ဖြင့် သိသိ

သာသာ မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုအတွင်း ပါဝင်သော အကြော်စုံ၊ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ အသုပ်၊ ခေါက်ဆွဲကြော်၊ ကြေးအိုး၊ ထမင်းနှင့် ဟင်း၊ လက်ဖက်ရည်၊ ကော်ဖီ၊ ရေခဲမုန့်နှင့် ကွမ်းယာ ဈေးနှုန်းမှာ ယခင်နှစ်ကထက် မြင့်တက်နေကြောင်း တွေ့ရပါသည်။

(ဌ) **အထွေထွေကုန်ပစ္စည်းအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ် အောက်တိုဘာလ၌ ၁၃၃.၃၀ ရှိပြီး၊ ၂၀၁၇ ခုနှစ် အောက်တိုဘာလနှင့် နှိုင်းယှဉ်ပါက ၇.၄၇% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ကုန်ပစ္စည်းအများစုမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းများ မြင့်တက်လာခဲ့ရာတွင် ရွှေထည်ပစ္စည်းဈေးနှုန်းမှာ ၉.၄၃%၊ သနပ်ခါး ၈.၁၉%၊ မိတ်ကပ် ၁၄.၃၂%၊ သွားတိုက်ဆေး ၁၅.၃၃% နှင့် လွယ်အိတ် ၃၃.၆၁% တို့ဖြင့် သိသာစွာ မြင့်တက်ခဲ့၍ ဖြစ်ပါသည်။

(ဍ) **အစားအစာမဟုတ်သောအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ် အောက်တိုဘာလ၌ ၁၂၉.၅၅ ရှိပြီး၊ ၂၀၁၇ ခုနှစ် အောက်တိုဘာလနှင့်နှိုင်းယှဉ်ပါက ၉.၆၂% မြင့်တက်လာခဲ့ပါသည်။ အစားအစာမဟုတ်သောအုပ်စုတွင် ပါဝင်သော အုပ်စုအားလုံး၏ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသောကြောင့်ဖြစ်ပါသည်။

## အပိုင်း(ဂ)

## စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြခြင်း

### ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအခြေအနေတင်ပြခြင်း

၁။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် (၂၀၁၇ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၈ ခုနှစ် အောက်တိုဘာလ) အထိ တစ်နှစ်တာကာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းကို လေ့လာပါက ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် ၁၃၅.၇၀ ရှိရာမှ တဖြည်းဖြည်းမြင့်တက်လာခဲ့ရာတွင် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ၁၃၉.၅၁ ဖြစ်ပေါ်ခဲ့ပါသည်။ သို့သော် ၂၀၁၈ ခုနှစ် မတ်လတွင် ၁၃၉.၁၁ ဖြစ်ပေါ်ခဲ့သဖြင့် ရာခိုင်နှုန်းအနည်းငယ် ပြန်လည်ကျဆင်းခဲ့ပါသည်။ တစ်ဖန် ၂၀၁၈ ခုနှစ် ဧပြီလမှစ၍ ပြန်လည်မြင့်တက်ခဲ့ရာ ဇွန်လမှ စတင်၍ မိုးများစွာ ရွာသွန်းခဲ့ပြီး သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်နေသောကြောင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲကာ ကုန်စည်ဈေးနှုန်းများ ဆက်လက်မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။


၂။ ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ဖြစ်ပေါ်ခဲ့သော စားသုံးသူဈေးဆနှုန်းများကိုကြည့်လျှင် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး(၃)မြို့တို့တွင် ယခင်လနှင့်နှိုင်းယှဉ်ပါက ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး မြင့်တက်လာခဲ့ပါသည်။ ပြောင်းလဲမှုရာခိုင်နှုန်းအနေဖြင့် ကချင်ပြည်နယ်တွင် ၂.၇၃% ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်နေပြီး ဧရာဝတီတိုင်းဒေသကြီးတွင် ဂ.၂၂% ရာခိုင်နှုန်းဖြင့် အနည်းဆုံးဖြစ်ပေါ်နေပါသည်။ ယခုအချိန် သည် ပွင့်လင်းရာသီဖြစ်၍ အလှူအတန်းပေါ်များသော ကာလဖြစ်ခြင်းကြောင့် ဝယ်လိုအားများနေသဖြင့် ကုန်ပစ္စည်း ဈေးနှုန်းများ မြင့်တက်လျက် ရှိသည်ကိုတွေ့ရှိရပါသည်။

### ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း

၃။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် (၂၀၁၇ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၈ ခုနှစ် အောက်တိုဘာလ အထိ) တစ်နှစ်တာကာလအတွင်းဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းကို လေ့လာပါက ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် ၄.၀၀% အနိမ့်ဆုံးဖြစ်ပေါ်ပြီး ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် ၈.၈၅% ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်နေသည်ကို တွေ့ရှိရပါသည်။

၂၀၁၈ခုနှစ် အတွင်း မြို့အများစုတွင် ရေကြီးမှုဒဏ်ကို ခံစားခဲ့ရသဖြင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲကာကုန်ပစ္စည်းဈေးနှုန်းများကြီးမြင့်ခဲ့ပါသည်။

၄။ တစ်နိုင်ငံလုံးအတွက် ၂၀၁၂ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအပေါ် အခြေခံ တွက်ချက်ထားသော ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၈ ခုနှစ် အောက်တိုဘာလအထိ တစ်နှစ်ပျမ်းမျှ ၆.၃၄% ရှိ၍ စက်တင်ဘာလအထိ တစ်နှစ်ပျမ်းမျှ ၅.၉၄% နှင့် နှိုင်းယှဉ်ပါက ၀.၄၀% ပိုမိုလာကြောင်း တွေ့ရှိရပါသည်။ တစ်နှစ်တာကာလအတွင်း ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်းမှာ ၂၀၁၈ ခုနှစ် မတ်လတွင် ၄.၀၃% ဖြင့် အနိမ့်ဆုံးဖြစ်ပေါ်ခဲ့ပြီး ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် အမြင့်ဆုံးဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိခဲ့ပါသည်။




၅။ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ပျမ်းမျှ ငွေကြေးဖောင်းပွမှုနှုန်းကို ဇယား(၂)ဖြင့် တင်ပြထားပါသည်။ ၂၀၁၈ ခုနှစ် အောက်တိုဘာလ အတွင်း ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ မန္တလေးမြို့တွင် ၁၁.၃၃% ဖြင့် အမြင့်ဆုံးဖြစ်ပေါ်ပြီး၊ ရခိုင်ပြည်နယ်တွင် ၁၀.၇၆% ဖြင့် ဒုတိယအမြင့်ဆုံး၊ မကွေးတိုင်းဒေသကြီးတွင် ၈.၃၇% ဖြင့် တတိယအမြင့်ဆုံးအသီးသီး ဖြစ်ပေါ်လျက်ရှိပါသည်။ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းမှာ ရခိုင်

ပြည်နယ်တွင် ၁၃.၃၅% ဖြင့် ပြောင်းလဲမှု ရာခိုင်နှုန်းအများဆုံးဖြစ်ပေါ်ခဲ့ပြီး၊ ကယားပြည်နယ်တွင် ၄.၇၆% ဖြင့် ပြောင်းလဲမှုရာခိုင်နှုန်း အနည်းဆုံးဖြစ်ပေါ်ခဲ့ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

**သုံးသပ်တင်ပြချက်**

၆။ ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် ဖြစ်ပေါ်ခဲ့သော ကုန်ပစ္စည်းဈေးနှုန်း ပြောင်းလဲမှု အခြေအနေများကို အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်။

(က) ယခုလတွင် ဖြစ်ပေါ်ခဲ့သော ဆန်ဈေးနှုန်းများမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် သိသိသာသာ မြင့်တက်လျက်ရှိသကဲ့သို့ ယခင်လနှင့် နှိုင်းယှဉ်ပါကလည်း ဆန်ဈေးနှုန်းများ ဆက်လက်မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။ ၂၀၁၈ ခုနှစ်ဇွန်လမှစ၍ ပြည်နယ်နှင့်တိုင်းဒေသအချို့တွင် ရေကြီး၍ စပါးစိုက်ခင်းများ ပျက်စီးခဲ့ခြင်း၊ စပါးအဟောင်းလက်ကျန်နည်းပါးခြင်း၊ မိုးစပါးများဈေးကွက်အတွင်း ဝင်ရောက်မှုနည်းပါးနေခြင်း တို့ကြောင့် ဆန်ဈေးနှုန်းများမြင့်တက်နေရခြင်းဖြစ်ပါသည်။

(ခ) စားသုံးဆီအုပ်စုတွင်ပါ ဝင်သော မြေပဲဆီ၊ နှမ်းဆီနှင့် ဟင်းရွက်ဆီဈေးနှုန်းများမှာ ကုန်ကြမ်းများဖြစ်သော မြေပဲဆံ နှင့် နှမ်းများမှာ ပြည်ပဝယ်လိုအားရှိသောကြောင့် ဈေးနှုန်းများမြင့်တက်လာပါသည်။ အလားတူ စားအုန်းဆီဈေးနှုန်းမှာ ယခင်လကထက် မြင့်တက်လျက်ရှိပါသည်။ ပြည်ပစား အုန်းဆီ ဈေးနှုန်းမှာ ယခင်လတွင် မက်ထရစ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၃၅.၀၇ ရှိခဲ့ရာမှ ယခုလတွင် အမေရိကန်ဒေါ်လာ ၅၂၉.၂၁ သို့ ကျဆင်းလာခဲ့သော်လည်း နိုင်ငံခြား ငွေလဲလှယ်နှုန်းမှာ တစ်ဒေါ်လာလျှင် ၂ကျပ်ခန့် ဆက်လက်မြင့်တက်လာသောကြောင့် ပြည်တွင်း စားအုန်းဆီဈေးနှုန်းများ မြင့်တက်လာပါသည်။

(ဂ) အသား၊ငါးနှင့်ဥအုပ်စုတွင် ပါဝင်သော အသားဈေးနှုန်းများနှင့် ငါးဈေးနှုန်းများ အနက် ပြည်ပမှ ကျွဲ၊ နွား၊ ဆိတ်၊ ဝက် ဝယ်ယူမှုများ ရှိနေခြင်းကြောင့် အသားဈေးနှုန်းများ မြင့်တက်လာရာ၌ အမဲသားဈေးနှုန်းမှာ သိသိသာသာ မြင့်တက်လာပါသည်။ သို့သော် ကြက်သား၊ ကြက်ဥ၊ ဘဲဥ၊ ငါးခူနှင့် ငါးရံ့ဈေးနှုန်းများ ကျဆင်းလာသည်က တွေ့ရှိရပါသည်။ ငါးကန်ဖော်သည့် ရာသီဖြစ်ခြင်း၊ ငါးမဖမ်းရ ရာသီ

ကုန်ဆုံး၍ ပြန်လည်ဖမ်းဆီးခွင့် ပြုလာခြင်းတို့ကြောင့် ငါးဈေးနှုန်းများ ပြန်လည် ကျဆင်းလာပါသည်။ ထို့အပြင် ကြက်/ဘဲများ အတောင်ချပြီးချိန်ဖြစ်၍ ဥထွက်နှုန်းများလာပြီး ကြက်ဥ၊ ဘဲဥ ဈေးနှုန်းများကျဆင်းလာပါသည်။

(ဃ) ဟင်းသီးဟင်းရွက်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဒေသအတွင်း ခရမ်းချဉ်သီး ထွက်ပေါ်ချိန်မဟုတ်ခြင်း၊ ဆောင်းခရမ်းချဉ်သီး စတင်စိုက်ပျိုးချိန်ဖြစ်သောကြောင့် ဈေးနှုန်းများ သိသိသာသာ မြင့်တက်လျက်ရှိပါသည်။ နိုင်ငံခြားငွေလဲနှုန်းများ မြင့်တက်နေခြင်းနှင့် စက်သုံးဆီဈေးနှုန်းများ မြင့်တက်ခြင်းတို့ကြောင့် သယ်ယူပို့ဆောင်စရိတ်မြင့်တက်ကာ အခြေခံစားသောက်ကုန်ဈေးနှုန်းများ မြင့်တက်လာသည်ကို တွေ့ရပါသည်။

(င) စားဖိုဆောင်သီးနှံဖြစ်သော ကြက်သွန်နီနှင့် ငရုတ်သီးခြောက် ဈေးနှုန်းများလည်း ယခင်လကထက်မြင့်တက်လာပါသည်။ ဤကာလသည် သီတင်းကျွတ် ကာလဖြစ်သဖြင့် အလှူအတန်းပြုလုပ်သူများ၊ မင်္ဂလာဆောင်သူများပေါ်များလာခြင်းတို့ကြောင့် ဝယ်လိုအားများပြားလာ၍ ဈေးနှုန်းများ မြင့်တက်လာပါသည်။

(စ) ယခုလတွင် ဖြစ်ပေါ်ခဲ့သော ရွှေဈေးနှုန်းမှာ ၁၅ပဲရည် တစ်ကျပ်သားလျှင် ၉၆၂၀၀၅ ကျပ် ဖြစ်သဖြင့် လွန်ခဲ့သောလကထက် ၁.၀၂% ဆက်လက်မြင့်တက်ခဲ့ပါသည်။ လွန်ခဲ့သောနှစ်နှင့် နှိုင်းယှဉ်ပါကလည်း ၉.၄၃% မြင့်တက်လျက်ရှိပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်ထရိုင်အောင်စလျှင် ယခင်လတွင် အမေရိကန်ဒေါ်လာ ၁၁၉၉.၁၄ ရှိရာ မှ ၁၂၁၂.၁၁ သို့ မြင့်တက်လာခဲ့ပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်း မြင့်တက်လာသကဲ့သို့ အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်းမှာ ယခင်လတွင် တစ်ဒေါ်လာလျှင်(ပျမ်းမျှ) ၁၅၆၆ ကျပ်ရှိရာမှ ယခုလ တွင် ၁၅၆၈ ကျပ်သို့ မြင့်တက်နေခြင်းတို့ကြောင့် မြန်မာ့ရွှေဈေးနှုန်းများ ဆက်လက် မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

(ဆ) ၂၀၁၈ ခုနှစ် အောက်တိုဘာလအတွင်း ဖြစ်ပေါ်ခဲ့သော လောင်စာဆီဈေးနှုန်းများမှာ ပြည်ပမှ တင်သွင်းရာ၌ ဒီဇယ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၉၂.၆၈ မှ ၉၅.၉၇ သို့ ဆက်လက်မြင့်တက်လာသော်လည်း၊ ဓာတ်ဆီတစ်စည်လျှင် အမေရိ

ကန်ဒေါ်လာ ၈၇.၃၄ မှ ၈၆.၀၁ သို့အနည်းငယ် ကျဆင်းလာပါသည်။ ပြည်ပမှ တင်သွင်းသော လောင်စာဆီဈေးနှုန်းများ မြင့်တက်လာသကဲ့သို့ နိုင်ငံခြားငွေလဲ လှယ်နှုန်း အပေါ်မူတည်၍ ရောင်းချနေသော ပြည်တွင်းလောင်စာဆီဈေးနှုန်းများ လည်း ဆက်လက်မြင့်တက် လျက်ရှိကြောင်း တွေ့ရှိရပါသည်။

၇။ ၂၀၁၈ခုနှစ် အောက်တိုဘာလအတွင်း အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်းမှာလည်း ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်လျှင် မြင့်တက်လာသကဲ့သို့ ယခင်လနှင့် နှိုင်းယှဉ်ပါကလည်း သိသိသာသာ မြင့်တက်လာသည်ကိုတွေ့ရှိရပါသည်။ အမေရိကန် ဒေါ်လာ လဲလှယ်နှုန်းအပေါ်မူတည်၍ ရောင်းချရသော ဓာတ်ဆီ၊ ဒီဇယ်ဆီ ဈေးနှုန်းများ မြင့်တက်လာသောကြောင့် သယ်ယူပို့ဆောင်စရိတ်ကြီးမြင့်လာခြင်း၊ တရုတ်ပြည်ဘက်မှ ဆန်ဝယ်ယူမှု ပိတ်ထားခြင်းကြောင့် ကုန်တင်ကားထွက်ရှိမှုနည်းပါးပြီး၊ သယ်ယူစရိတ် ကြီးမြင့်လာခြင်း စသည့် အကြောင်းရင်းများကြောင့် ကုန်စည်ဈေးနှုန်းများ သိသိသာသာ မြင့်တက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

၈။ အခြေခံစားသောက်ကုန် ဈေးနှုန်းများမြင့်တက်လာခြင်းသည့် စားသုံးသူဈေးဆနှုန်း အပေါ် အကျိုးသက်ရောက်မှုဖြစ်ပေါ်စေပြီး ငွေကြေးဖောင်းပွမှုနှုန်းကို ဖြစ်ပေါ်စေပါကြောင်း တင်ပြအပ်ပါသည်။

## ဇယား(၁)တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| COICOP Code | အုပ်စုအမည် | အလေးပေး ရာခိုင်နှုန်း | ၂၀၁၇ ခုနှစ် | ၂၀၁၈ ခုနှစ် | | ယခင်လနှင့် နှိုင်းယှဉ်လျှင် ပြောင်းလဲသည့် ရာခိုင်နှုန်း | နှစ်အလိုက် ငွေကြေး ဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း (၂၀၁၈ခုနှစ် အောက်တိုဘာလ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | အောက်တိုဘာလ | စက်တင်ဘာလ | အောက်တိုဘာလ | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| **(က)** | **စုစုပေါင်းစားသုံးသူဈေးဆနှုန်း** | **၁၀၀.၀၀** | **၁၃၅.၇၀** | **၁၄၅.၉၇** | **၁၄၇.၇၀** | **၁.၁၈** | **၈.၈၅** | **၆.၃၄** |
| **၀၁** | **အစားအစာအုပ်စု** | **၅၈.၅၁** | **၁၄၈.၁၁** | **၁၅၈.၆၉** | **၁၆၀.၆၀** | **၁.၂၀** | **၈.၄၃** | **၅.၉၀** |
| ၀၂ | ဆေးလိပ်နှင့်အဖျော်ယမကာ | ၁.၆၅ | ၁၃၂.၅၈ | ၁၃၉.၂၂ | ၁၄၁.၀၃ | ၁.၃၀ | ၆.၃၇ | ၁၃.၆၆ |
| ၀၃ | အဝတ်အထည် | ၃.၂၃ | ၁၁၇.၇၄ | ၁၂၁.၇၁ | ၁၂၂.၄၇ | ၀.၆၃ | ၄.၀၂ | ၂.၃၂ |
| ၀၄ | အိမ်လခနှင့်အိမ်ပြင်ခ | ၈.၀၇ | ၁၃၈.၄၀ | ၁၅၀.၃၇ | ၁၅၁.၃၈ | ၀.၆၇ | ၉.၃၇ | ၇.၃၈ |
| ၀၅ | အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ် | ၂.၃၄ | ၁၁၅.၈၇ | ၁၂၁.၀၂ | ၁၂၂.၇၅ | ၁.၄၂ | ၅.၉၄ | ၃.၅၅ |
| ၀၆ | ကျန်းမာရေး | ၂.၁၃ | ၁၃၅.၆၆ | ၁၄၃.၇၁ | ၁၄၄.၅၃ | ၀.၅၇ | ၆.၅၄ | ၅.၂၅ |
| ၀၇ | သယ်ယူပို့ဆောင်ရေး | ၁၀.၁၃ | ၁၀၀.၀၉ | ၁၁၅.၁၉ | ၁၁၈.၇၈ | ၃.၁၁ | ၁၈.၆၇ | ၁၀.၇၅ |
| ၀၈ | ဆက်သွယ်ရေး | ၁.၆၂ | ၁၀၂.၇၈ | ၁၀၂.၁၅ | ၁၀၂.၀၈ | -၀.၀၇ | -၀.၆၈ | ၆.၀၈ |
| ၀၉ | အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှု | ၁.၀၂ | ၁၀၆.၁၃ | ၁၀၈.၉၃ | ၁၀၉.၁၄ | ၀.၁၉ | ၂.၈၃ | ၁.၅၂ |
| ၁၀ | ပညာရေး | ၂.၁၅ | ၁၂၂.၅၃ | ၁၃၃.၁၅ | ၁၃၃.၁၅ | ၀.၀၀ | ၈.၆၇ | ၃.၉၅ |
| ၁၁ | ပြင်ပအစားအသောက် | ၅.၉၅ | ၁၁၄.၀၁ | ၁၂၃.၅၆ | ၁၂၃.၉၂ | ၀.၂၉ | ၈.၇၀ | ၈.၅၇ |
| ၁၂ | အထွေထွေကုန်ပစ္စည်း | ၃.၂၀ | ၁၂၄.၀၄ | ၁၃၂.၂၄ | ၁၃၃.၃၀ | ၀.၈၀ | ၇.၄၇ | ၄.၂၄ |
| | **အစားအစာမဟုတ်သောအုပ်စု** | **၄၁.၄၉** | **၁၁၈.၁၈** | **၁၂၈.၀၇** | **၁၂၉.၅၅** | **၁.၁၅** | **၉.၆၂** | **၇.၁၆** |
| **(ခ)** | **အစားအစာနှင့် လောင်စာဆီ မပါဝင်သော စားသုံးသူ ဈေးဆနှုန်း(Core CPI)** | ၃၄.၂၉ | ၁၁၅.၇၇ | ၁၂၂.၄၈ | ၁၂၃.၄၀ | ၀.၇၅ | *၆.၅၉ | *၄.၉၆ |

*** အစားအစာနှင့် လောင်စာဆီ မပါဝင်သော ငွေကြေးဖောင်းပွမှုနှုန်း(Core Inflation)**

## ဇယား(၂)တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀


| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | အလေးပေးရာခိုင်နှုန်း | ၂၀၁၇ ခုနှစ် | ၂၀၁၈ ခုနှစ် | | ယခင်လနှင့်နှိုင်းယှဉ်လျှင်ပြောင်းလဲသည့်ရာခိုင်နှုန်း | နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၈ ခုနှစ် အောက်တိုဘာလအထိ) |
|---|---|---|---|---|---|---|---|---|
| | | | အောက်တိုဘာလ | စက်တင်ဘာလ | အောက်တိုဘာလ | | | |
| (၁) | (၂) | | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၁ | ကချင်ပြည်နယ် | ၃.၀၁ | ၁၄၀.၀၆ | ၁၅၀.၉၃ | ၁၅၅.၀၅ | ၂.၇၃ | ၁၀.၇၀ | ၇.၁၆ |
| ၂ | ကယားပြည်နယ် | ၀.၅၂ | ၁၄၁.၇၀ | ၁၄၆.၈၉ | ၁၄၈.၄၄ | ၁.၀၅ | ၄.၇၆ | ၄.၄၀ |
| ၃ | ကရင်ပြည်နယ် | ၃.၁၂ | ၁၂၅.၆၁ | ၁၃၆.၄၆ | ၁၃၇.၅၉ | ၀.၈၃ | ၉.၅၄ | ၆.၃၅ |
| ၄ | ချင်းပြည်နယ် | ၀.၇၄ | ၁၇၉.၉၈ | ၂၀၀.၁၁ | ၂၀၀.၈၂ | ၀.၃၆ | ၁၁.၅၈ | ၄.၈၁ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၁.၁၀ | ၁၃၄.၁၉ | ၁၄၀.၈၂ | ၁၄၄.၃၅ | ၂.၅၀ | ၇.၅၇ | ၄.၅၆ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂.၈၄ | ၁၂၀.၈၈ | ၁၃၂.၀၈ | ၁၃၂.၅၀ | ၀.၃၂ | ၉.၆၁ | ၆.၄၈ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈.၈၃ | ၁၃၃.၉၅ | ၁၄၂.၀၆ | ၁၄၃.၀၁ | ၀.၆၇ | ၆.၇၇ | ၄.၉၈ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇.၃၃ | ၁၃၅.၈၃ | ၁၅၀.၆၃ | ၁၅၃.၈၀ | ၂.၁၁ | ၁၃.၂၃ | ၈.၃၇ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၁.၀၈ | ၁၂၉.၉၄ | ၁၃၈.၃၁ | ၁၃၉.၆၈ | ၀.၉၉ | ၇.၅၀ | ၅.၁၀ |
| ၁၀ | မွန်ပြည်နယ် | ၅.၁၃ | ၁၂၉.၈၅ | ၁၄၄.၀၁ | ၁၄၅.၃၈ | ၀.၉၅ | ၁၁.၉၆ | ၈.၀၁ |
| ၁၁ | ရခိုင်ပြည်နယ် | ၄.၅၄ | ၁၆၈.၅၅ | ၁၈၇.၁၇ | ၁၉၁.၀၆ | ၂.၀၈ | ၁၃.၃၅ | ၁၀.၇၆ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၇.၄၇ | ၁၂၉.၁၅ | ၁၃၇.၇၁ | ၁၃၈.၅၃ | ၀.၆၀ | ၇.၂၆ | ၅.၁၄ |
| ၁၃ | ရှမ်းပြည်နယ် | ၉.၁၁ | ၁၄၄.၁၆ | ၁၅၅.၇၄ | ၁၅၇.၆၃ | ၁.၂၀ | ၉.၃၄ | ၇.၁၅ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၉.၉၀ | ၁၃၇.၇၇ | ၁၄၄.၅၅ | ၁၄၄.၈၆ | ၀.၂၂ | ၅.၁၅ | ၆.၈၃ |
| ၁၅ | ပြည်ထောင်စုနယ်မြေ | ၁.၄၁ | ၁၂၆.၆၄ | ၁၃၂.၆၉ | ၁၃၄.၁၂ | ၁.၀၈ | ၅.၉၀ | ၃.၃၃ |
| ၁၆ | ရန်ကုန်မြို့ | ၁၀.၅၉ | ၁၃၅.၄၉ | ၁၄၇.၁၀ | ၁၄၈.၁၀ | ၀.၆၈ | ၉.၃၀ | ၅.၃၇ |
| ၁၇ | မန္တလေးမြို့ | ၂.၅၈ | ၁၂၅.၅၆ | ၁၄၀.၃၄ | ၁၄၁.၉၉ | ၁.၁၇ | ၁၃.၀၈ | ၁၁.၃၃ |
| ၁၈ | နေပြည်တော် | ၀.၆၉ | ၁၂၄.၇၇ | ၁၃၄.၂၄ | ၁၃၅.၃၃ | ၀.၈၁ | ၈.၄၆ | ၆.၈၀ |
| | **တစ်နိုင်ငံလုံး** | **၁၀၀.၀၀** | **၁၃၅.၇၀** | **၁၄၅.၉၇** | **၁၄၇.၇၀** | **၁.၁၈** | **၈.၈၅** | **၆.၃၄** |

## ဇယား(၃)အဓိကကျသောကုန်ပစ္စည်းများ၏ လက်လီဈေးနှုန်းပြောင်းလဲမှုများ
## (၂၀၁၈ ခုနှစ် အောက်တိုဘာလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀


| အမှတ်စဉ် | ကုန်ပစ္စည်း | အမျိုးအစား | အချိန်အတွယ် | ၂၀၁၈ ခုနှစ် | | ၂၀၁၇ ခုနှစ် အောက်တိုဘာလ (ကျပ်) | ယခင်လနှင့်နှိုင်းယှဉ်လျှင်ပြောင်းလဲသည့် % | ယခင်နှစ်အလားတူလနှင့်နှိုင်းယှဉ်လျှင်ပြောင်းလဲသည့် % |
|---|---|---|---|---|---|---|---|---|
| | | | | စက်တင်ဘာလ (ကျပ်) | အောက်တိုဘာလ (ကျပ်) | | | |
| ၁ | ဆန် | ဧည့်မထ (၁၅%) | ပြည် | ၁၄၉၂.၃၉ | ၁၅၁၀.၆၉ | ၁၃၄၉.၆၃ | ၁.၂၃ | ၁၁.၉၃ |
| ၂ | မြေပဲဆီ | ပြည်တွင်း | ပိဿာ | ၅၉၃၄.၇၈ | ၆၀၅၇.၉၇ | ၅၂၅၁.၆၇ | ၂.၀၈ | ၁၅.၃၅ |
| ၃ | နှမ်းဆီ | ပြည်တွင်း | ။ | ၆၀၂၂.၈၄ | ၆၀၄၈.၁၅ | ၅၅၉၈.၁၄ | ၀.၄၁ | ၉.၈၂ |
| ၄ | စားအုန်းဆီ | နိုင်ငံခြား | ။ | ၂၁၄၈.၅၂ | ၂၁၆၀.၉၇ | ၂၁၄၅.၄၃ | ၀.၅၈ | ၀.၇၂ |
| ၅ | ကြက်သား | အကောင်လိုက် | ပိဿာ | ၆၉၆၅.၄၀ | ၆၉၄၁.၈၃ | ၆၆၂၀.၉၃ | -၀.၃၄ | ၄.၈၅ |
| ၆ | ဝက်သား | ပေါင်သား | ။ | ၉၃၉၅.၉၅ | ၉၄၀၁.၀၁ | ၈၇၂၇.၇၄ | ၀.၀၅ | ၇.၇၁ |
| ၇ | အမဲသား | အရိုးလွတ် | ။ | ၁၁၃၃၂.၅၆ | ၁၁၆၀၉.၇၇ | ၁၀၅၄၆.၉၅ | ၂.၄၅ | ၁၀.၀၈ |
| ၈ | ဘဲဥ | အလတ်စား | ၁၀လုံး | ၁၇၄၅.၄၇ | ၁၇၂၂.၈၄ | ၁၆၂၃.၉၀ | -၁.၃၀ | ၆.၀၉ |
| ၉ | ကြက်ဥ | ။ | ။ | ၁၃၇၃.၉၆ | ၁၃၄၄.၂၈ | ၁၁၆၅.၃၂ | -၂.၁၆ | ၁၅.၃၆ |
| ၁၀ | ငါးခူ | အလတ်စားအရွယ် | ပိဿာ | ၈၂၃၃.၃၃ | ၈၁၄၅.၀၀ | ၇၆၃၄.၀၈ | -၁.၀၇ | ၆.၆၉ |
| ၁၁ | ငါးရံ့ | ။ | ။ | ၈၃၄၉.၂၂ | ၈၁၈၃.၄၂ | ၇၇၈၃.၀၇ | -၁.၉၉ | ၅.၁၄ |
| ၁၂ | ငါးမြစ်ချင်း | ။ | ။ | ၄၄၅၈.၄၈ | ၄၄၇၄.၅၅ | ၄၅၈၈.၂၄ | ၀.၃၆ | -၂.၄၈ |
| ၁၃ | ပုစွန်ခြောက် | ။ | ။ | ၃၁၀၃၄.၀၄ | ၃၁၃၂၅.၅၃ | ၂၇၈၈၁.၉၇ | ၀.၉၄ | ၁၂.၃၅ |
| ၁၄ | ငါးရံ့ခြောက် | ။ | ။ | ၂၉၄၂၅.၀၀ | ၂၉၄၇၈.၉၂ | ၂၇၃၃၈.၆၁ | ၀.၁၈ | ၇.၈၃ |
| ၁၅ | ရေကျိုငါးပိ | သုံးဦးစပ် | ပိဿာ | ၃၃၀၈.၈၅ | ၃၃၀၈.၈၅ | ၃၁၆၆.၉၆ | ၀.၀၀ | ၄.၄၈ |
| ၁၆ | ခရမ်းချဉ်သီး | | ။ | ၉၂၀.၃၈ | ၁၀၂၀.၄၃ | ၁၄၄၀.၂၅ | ၁၀.၉၈ | -၂၉.၀၈ |
| ၁၇ | ကုလားပဲခြမ်း | | ။ | ၂၄၉၄.၂၄ | ၂၄၇၄.၅၈ | ၃၂၀၇.၂၃ | -၀.၇၉ | -၂၂.၈၄ |
| ၁၈ | အာလူး | အလတ်စားအရွယ် | ။ | ၁၁၁၇.၆၇ | ၁၁၁၉.၆၈ | ၁၀၈၀.၆၉ | ၀.၁၈ | ၃.၆၁ |
| ၁၉ | ကြက်သွန်ဖြူ | ဥတစ်လုံး | ။ | ၂၃၃၀.၈၃ | ၂၂၆၅.၄၁ | ၄၄၂၃.၁၉ | -၂.၈၁ | -၄၈.၇၈ |
| ၂၀ | ကြက်သွန်နီ | ဥကြီး | ။ | ၁၄၂၂.၄၀ | ၁၄၇၉.၆၀ | ၂၅၉၃.၉၅ | ၄.၀၂ | -၄၂.၉၆ |
| ၂၁ | လုံချည် | ၂/၆၄-ကျားဝတ် | ထည် | ၄၈၇၃.၇၆ | ၄၉၀၀.၀၀ | ၄၆၇၁.၂၅ | ၀.၅၄ | ၄.၉၀ |
| ၂၂ | သားရေဖိနပ် | အလတ်စား | ရံ | ၅၁၆၄.၉၀ | ၅၁၉၉.၀၁ | ၅၀၅၂.၁၆ | ၀.၆၆ | ၂.၉၁ |
| ၂၃ | ရွှေထည်ပစ္စည်း | ၁၅ပဲရည် | ကျပ်သား | ၉၅၂၂၄၅.၅၈ | ၉၆၂၀၀၅.၃၁ | ၈၇၉၀၇၄.၆၇ | ၁.၀၂ | ၉.၄၃ |
| ၂၄ | ထင်း | | ပိဿာ | ၃၂၃.၈၇ | ၃၂၅.၁၃ | ၂၉၆.၁၇ | ၀.၃၉ | ၉.၇၈ |
| ၂၅ | မီးသွေး | | ။ | ၆၄၉.၇၈ | ၆၅၀.၀၀ | ၅၉၅.၇၃ | ၀.၀၃ | ၉.၁၁ |
| ၂၆ | ဖယောင်းတိုင် | ၃၂-တိုင် | ထုပ် | ၄၁၇.၇၆ | ၄၃၂.၂၄ | ၄၀၃.၇၄ | ၃.၄၆ | ၇.၀၆ |
| ၂၇ | ဘတ်စ်ကားခ | မြို့တွင်း | - | ၁၀၅၂.၆၃ | ၁၀၈၄.၈၀ | ၉၁၀.၂၃ | ၃.၀၆ | ၁၉.၁၈ |
| ၂၈ | ဒီဇယ်ဆီ | | ဂါလံ | ၄၈၆၈.၅၂ | ၅၁၀၁.၂၄ | ၃၄၄၈.၀၇ | ၄.၇၈ | ၄၇.၉၄ |
| ၂၉ | ဓာတ်ဆီ | | ဂါလံ | ၄၇၆၄.၁၁ | ၅၀၁၀.၁၅ | ၃၆၀၄.၆၄ | ၅.၁၆ | ၃၈.၆၁ |

## ဇယား(၄)တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆန္နန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၇ ခုနှစ် | | | ၂၀၁၈ ခုနှစ် | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ |
| စားသုံးသူဈေးဆန္နန်း (CPI) | ၁၃၅.၇၀ | ၁၃၇.၅၀ | ၁၃၈.၂၉ | ၁၃၉.၃၄ | ၁၃၉.၅၁ | ၁၃၉.၁၁ | ၁၃၉.၈၂ | ၁၄၀.၂၄ | ၁၄၁.၁၃ | ၁၄၂.၉၁ | ၁၄၄.၁၇ | ၁၄၅.၉၇ | ၁၄၇.၇၀ |
| စားသုံးသူဈေးဆန္နန်း (Core CPI) | ၁၁၅.၇၇ | ၁၁၆.၄၃ | ၁၁၆.၇၇ | ၁၁၇.၆၈ | ၁၁၈.၃၆ | ၁၁၈.၈၃ | ၁၁၉.၀၈ | ၁၁၉.၄၅ | ၁၂၀.၁၈ | ၁၂၀.၅၂ | ၁၂၁.၄၁ | ၁၂၂.၄၈ | ၁၂၃.၄၀ |

## ဇယား(၅)တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၇ ခုနှစ် | | | ၂၀၁၈ ခုနှစ် | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ |
| နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation) | ၄.၀၀ | ၄.၇၇ | ၄.၇၅ | ၅.၂၃ | ၅.၁၁ | ၅.၄၂ | ၅.၈၇ | ၅.၉၀ | ၆.၇၅ | ၇.၅၆ | ၈.၁၈ | ၈.၅၉ | ၈.၈၅ |
| နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Core Inflation) | ၄.၀၁ | ၄.၁၆ | ၃.၄၀ | ၄.၂၇ | ၄.၈၅ | ၄.၆၉ | ၄.၇၈ | ၅.၀၅ | ၅.၆၄ | ၅.၁၄ | ၅.၁၇ | ၅.၇၆ | ၆.၅၉ |